**For Those Seeking The Truth and Dynamic Living**
သမ္မာတရား နှင့် ကြွယ်ဝသော အသက်တာ ရှာဖွေသူ အတွက်
**Christ is Victor**
ခရစ်တော်သည် အောင်နိုင်သူ

မတ်လ ၊ ဧပြီလ ၂၀၁၀

မမေ့နိုင်သော အကျိုးကျေးဇူး

# Unforgettable Benefits

အို ငါ့ဝိညာဉ်၊ ဘုရားကို ကောင်းကြီးပေးလော့။ ငါ၏အထဲမှာရှိသမျှတို့၊ သန့်ရှင်းသော နာမတော်ကို ကောင်းကြီးပေးကြလော့။ အို ငါ့ဝိညာဉ်၊ ထာဝရဘုရားကို ကောင်းကြီးပေးလော့။ ကျေးဇူးတော်အပေါင်းကို မမေ့လျော့နှင့်။ ဆာလံ ၁၀၃ း ၁–၂

ဤ ဆာလံ ကျမ်းပိုဒ်တွင် ကြီးမားသော ဗျာဒိတ်တော် ရှိသည်။ သင်သည် ဘုရားသခင်၏ ကျေးဇူးတော်အပေါင်းကို မမေ့လျော့ပါနှင့်။ ဘုရားသခင်သည် ကြီးမြတ်သော ဘုရား၊ သန့်ရှင်းသော ဘုရား ဖြစ်တော်မူသောကြောင့် ကျွန်ုပ်တို့သည် ဘုရားသခင်အား ရိုသေလေးမြတ်လျက် ချီးမြှောက်ဂုဏ်ပြုရမည်။ သမ္မာကျမ်းစာက ထိုသို့ရိုသေလေးမြတ်ခြင်းကို 'ထာဝရဘုရားအား ကြောက်ရွံ့ခြင်း' ဖော်ပြထားသည်။ ဘုရားသခင်သည် ထိုသို့သော ဘုရားဖြစ်သောကြောင့်နှင့် ကျေးဇူးတော် အပေါင်းနှင့်ပြည့်စုံသောကြောင့် ကျွန်ုပ်တို့သည် ရှေ့တော်မှောက်၌ ကြောက်ရွံ့ ရိုသေလေးစားစွာ ရပ်နေကြရမည်။ ကျွန်ုပ်တို့သည် ဘုရားသခင်အား ရိုသေ လေးမြတ်ခြင်းရှိသောအခါ ကျွန်ုပ်တို့အတွက် ထားရှိသော ကောင်းမြတ်သော အလိုတော်ကို မနှောင့်ယှက်စေမည့် အရာမှန်သမျှကို တားဆီးနိုင်သည် သာမက သန့်ရှင်းသော အသက်တာဖြင့် အစေခံနိုင်ရန် ခွန်အားကို ရရှိမည်ဖြစ်သည်။

'သင်တို့ အသက်ကြီးစဉ်၊ကောင်းသော အရာနှင့် ရောင့်ရဲစေတော်မူသဖြင့်၊ သင်၏အရွယ်သည် ရွှေလင်းတ၏ အရွယ်ကဲ့သို့ ပြုပြင်ခြင်းရှိ၏' (ဆာလံ ၁၀၃း၅) ။ ဘုရားသခင်၏ အကြံအစည်တော်မှာ ကတိထားတော်မူသော ကောင်းကြီးကို လူမျိုးတစုကိုသာ တွက်၍ ပေးရန်မဟုတ်ဘဲ လူမျိုးတကာတို့ခံစားရစေရန် ဖြစ်သည်။ အာဗြဟာအားဖြင့် လူအမျိုးမျိုးတို့အား ကောင်းကြီးပေးမည်ဟူ၍ ကတိတော်ထားခဲ့သည်။ ထိုကတိတော် အပေါ်အမှီပြုသော သူအပေါင်းတို့သည် ဘုရားသခင်၏ ကယ်တင်ခြင်း သတင်းကောင်းကို ကြားသိပြီး တုံ့ပြန်မည့်အချိန်ကို ကြည့်မျှော်ခဲ့ကြသည်။

သခင်ယေရှုက မိမိ၏ နောက်တော်လိုက်တို့အား ချိုးငှက်ကဲ့သို့ အဆိပ်ကင်းရန် အမိန့်ပေးထား၏။ ထိုနည်းတူ ခွန်အားနှင့်ပြည့်စုံပြီး ခန့်ညားထည်ဝါသော ရွှေလင်းတသည် လွတ်မြောက်ခြင်း၊ အားကြီးခြင်းနှင့် ငယ်ရွယ်နုပျိုခြင်းကို ပုံဆောင်သည်။ ကျွန်ုပ်တို့ အသက်တာရှိ အသေးငယ်ဆုံးသော ကဏ္ဍကိုပင် ဘုရားသခင်က ဂရုစိုက် ကွယ်ကာနေကြောင်းကို ပုံဆောင်သည်။ ဘုရားသခင်သည် မြေကြီးကို ဖန်ဆင်းပြီးနောက် မိမိ၏ မေတ္တာတော်ကို ဖန်ဆင်းထားသော အရာ အလုံးစုံအား ဆက်လက်ပြသတော်မူ၏။ ဘုရားသခင်သည် လူများအတွက် အစားအသောက်များကို မစ ချပေးတော်မူ၏။ ထာဝရဘုရား၏ ကောင်းကြီး၊ ကျေးဇူးတော်အပေါင်းတို့ကို မမေ့လျော့နှင့်။ 'ငါ၏နာမတော်ကို ကြောက်ရွံ့သော သင်တို့၌ကား ၊ တရားတော်နေမင်းသည် အနာပျောက်စေသော အတောင်တို့နှင့် ပေါ်ထွန်းတော်မူမည်။ သင်တို့သည် ထွက်သွား၍ တင်းကုတ်၌ နွားသငယ်ကဲ့သို့ ခုန်ကြလိမ့်မည်။' (မာလခိ ၄း၂)

## ဒံယေလ အသက်တာ ဆန်းစစ်ခြင်း

'ဘုရားသခင်၏ သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်ဆီးခြင်းသို့မရောက်၊ ထာဝရအသက်ကို ရစေခြင်းငှာ၊ ဘုရားသခင်သည် မိမိ၌ တပါးတည်းသော သားတော်ကို စွန့်တော်မူသည့်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏'။ (ရှင်ယောဟန် ၃း၁၆)

### 'ဘုရားသခင်၏ အံ့ဖွယ်ထင်ရှားသော ထောက်ပံ့ခြင်းအကြောင်း'

### ' I have just met with a wonderful manifestation of Divine providence'

အသက်ကြီးသော ဘုရား၏လူတစ်ယောက်သည် မိသားစု စားဝတ်နေရေးအတွက် ပူပန်ပြီး စိတ်အားငယ်နေသည်။ ဒါပေမယ့် ယုံကြည်ခြင်းဖြင့် အသက်တာ လျှောက်လှမ်းပြီး သူ၏ သေးငယ်သော အလုပ်အပေါ် ဘုရားသခင်ကောင်းကြီးပေးပြီး ဘုရားသခင်က သူ၏ လိုအင်ဆန္ဒ အားလုံးကို ထောက်ပံ့ပေးနေသည်။ တစ်ခုသော နံနက်တွင် သူ၏ မစားဖူးသော သရေစာကို မိသားစုအားလုံး စားပွဲဝိုင်းထိုင်ပြီး သုံးဆောင်ကြသည်။ အိမ်ရှင်မဖြစ်သော ဇနီးသည်က ဤအစားအစာ မစားဖူးသော အရာကို အဘယ်သူက ပေးသနည်းဟုမေးမြန်းလေ၏။ ယောကျ်ားက ဘုရားသခင် ပေးထားသည်ဟု ပြန်ဖြေလေသည်။ မိသားစုအားလုံးဒူးထောက်လျက် ဘုရားသခင်၏ကျေးဇူးတော်ကို ချီးမွမ်းကြသည်။ သင်သည် ဘုရားသခင်ကို ယုံကြည်ကိုးစားလျှင် သင်၏ဘုရားသခင် ထာဝရဘုရားသည် သင်နှင့်အတူ အမြဲရှိနေပါမည်။ ကိုယ်တော်သည် အကျွန်ုပ်တို့၏အမွေအနှစ်ကို စောင့်ရှောက်တော်မူ၏။
ကိုယ်တော်သည် သင်၏ အမွေခံရန်နှင့် အစားအစာကို ထောက်ပံ့ပေးသူလည်းဖြစ်သည်။ သေမင်း၏အရိပ်ချိုင့်ထဲသို့ ရောက်ရသော်လည်း ဘေးအန္တရာယ်ကို မကြောက်၊ အကြောင်းမူကား ကိုယ်တော်သည် ကျွန်ုပ်နှင့် အတူရှိတော်သည်။ သင်၏အသက်တာ အသုံးပြုခြင်းအားဖြင့် ထာဝရဘုရားသည် သင့်အတွက်ကြီးမားသော အကြံအစည် ရှိတော်မူ၏။ ထို့ကြောင့် တန်ခိုးကြီးသော လက်တော်အောက်၌ ကိုယ့်ကို နှိမ့်ချသော ကာလ အချိန်တန်လျှင် ဘုရားသခင်သည် သင့်ကို

ချီးမြှောက်တော်မူမည်။ ဘုရားသခင်ကို ကိုးစားသော သူသည် သွားလေရာရာ၌ စောင့်ရှောက်စေခြင်းငှာ ကောင်းကင်တမန်တို့ကို မှာထားတော်မူသည် ဖြစ်သည်။ ထိုမျှော်လင့်ခြင်းကား ကုလားကာ အတွင်း၌ ချ၍ မြဲမြံ ခိုင်ခံ့သော စိတ်နှလုံး၏ကျောက်ဆူးကဲ့သို့ ငါတို့၌ ရှိသည်။ ယုံကြည်သောစိတ်နှင့် အကျင့်ကိုကျင့်ပြီး ချစ်သော စိတ်နှင့် ကြိုးစားအားထုတ်ပြီး ကျွန်ုပ်တို့၏ကယ်တင်ရှင် ယေရှုခရစ်ကို မျှော်လင့်သော စိတ်နှင့် တည်ကြည်ခြင်း တို့ကို ငါတို့သည် အစဉ်မပျက်အောက်မေ့ကြလော့။

ဘုရားသခင်သည် သင့်ကို တန်ဖိုးရှိသော တန်ဆာပလာကဲ့သို့ အသုံးပြုချင်သည် သာမကဘဲ ဘုရားသခင်သည် သင်အတွက် အကောင်းဆုံးကို ပြင်ဆင်ပေးထားသည်။ သင်၏ နှလုံးသားကို စိတ်အားထက်တန်သော အတွေးအခေါ်နှင့် ပြည့်စုံစေချင်သည်။ ထိုကြောင့် ယုံကြည်ခြင်းဖြင့် ဆုတောင်းသောအခါ ကျွန်ုပ်တို့၏ လိုအင်ဆန္ဒဟူသမျှတို့ကို ဖြည့်ဆည်းပေးမည် ဖြစ်သည်။ ထာဝရဘုရားသည် ဖြောင့်မတ်သော သူတို့ကို ကြည့်ရှုတော်မူပြီး ထိုသူတို့၏ ရှိခြေခြင်းဖြင့် ဆုတောင်းသံကိုလည်း နားထောင်တော်မူ၏။ ထာဝရဘုရားသည် စိတ်နှလုံးကျိုးပဲ့သော သူတို့နှင့် စိတ်နှလုံးကြေကွဲသော သူတို့၏ ဆုတောင်းသံကို နားညောင်းပြီး နီးတော်မူ၏။ သင်တို့၌လိုအပ်သော အရာ အားလုံးကို ထာဝရဘုရားသည် သိတော်မူ၏။ ထိုကြောင့် ကိုယ်တော်၏ ကောင်းမြတ်ခြင်း၊ ကောင်းကြီးမင်္ဂလာအပေါ် နာမတော်ကို ချီးမွမ်းကြပါ။ ထာဝရဘုရားသည် ကောင်းမြတ်တော်မူ အကြောင်းကို မြည်းစမ်း၍ သိမှတ်ကြလော့။ ကိုယ်တော်ကို ခိုလှုံသော သူသည် မင်္ဂလာရှိ၏။ ထာဝရဘုရားကို ကြောက်ရွံ့သောသူ တို့၌ ဆင်းရဲခြင်းမရှိရာ၊ လူကို ကိုးစားခြင်းထက် ဘုရားသခင်ကို ကိုးစားခြင်းက သာ၍ မြတ်၏။ ဘုရင်ကို ကိုးစားခြင်းထက် ဘုရားသခင်ကို ကိုးစားခြင်းသည် သာ၍ မြတ်ပေသည်။

## 'ကျမ်းစာကို ဘယ်လို ဖတ်မလဲ'

## ''How to Read The Bible''

ဣသရေလ လူမျိုးတို့သည် မိုးကောင်းကင်က မုန့်မိုးကို သိမ်းယူသကဲ့သို့ ကျမ်းစာကို နေ့တိုင်းဖတ်ရွတ်ခဲ့ရသည်။ တစ်နေ့တာအတွက် ယူဆောင်ထားသော မုန့်မိုးကို နှစ်ရက်အတွက် မလုံလောက်ကြောင်း အကျွန်ုပ်တို့ သိပါသည်။ ထိုကြောင့် ဝိညာဉ်အစာ အတွက် ကျမ်းစာကို နေ့စဉ်နေ့တိုင်း နေ့ညဉ့်မပြတ် ကြည့်ရှုဖတ်ရွတ်ရမည်။ (ယောရှု ၁း၈)

ဤကျမ်းစာကို မဖတ်ရွတ်သော အခါ ဘုရားသခင်၏ အကြံအစည်တော်ကို နားမလည်နိုင်ပါ။ ထို့ကြောင့် ကိုယ်ခန္ဓာအတွက် နေ့စဉ်နေ့တိုင်း အစားအစာ သုံးဆောင်သကဲ့သို့ ဝိညာဉ် အစာအတွက် ကျမ်းစာကို နေ့တိုင်းဖတ်ရွတ်ရပါမည်။ ပညတ်တရားတော်အလုံးစုံကို ကျင့်စောင့်အောင် သွန်သင်မည့် ပညတ်တရားစာကို တသက်လုံး စောင့်ရှောင်ကြည့်ရှုဖတ်ရွတ်ရပါမည်။ ကျွန်ုပ်တို့သည်ဝတ္ထုစာ၊ စာစောင်များကို စိတ်ဝင်တစား ဖတ်ရှုသကဲ့သို့ ကျမ်းစာကို စိတ်နှလုံးအကြွင်းမဲ့နှင့် ဖတ်ရှုရပါမည်။ ဥပမာ– ကမ္ဘာဦးကျမ်းကို ဖတ်သည်ဆိုပါစို့ နောက်ဆုံးအခန်းသို့ ဖတ်ရွတ်ပြီးလျှင် ဝတ်ပြုရာကျမ်းစာအုပ်ကို ပြန်ဖတ်ရွတ်ဖို့ဖြစ်သည်။ ဒီလိုနှင့် ဗျာဒိတ်စာအုပ်အဆုံး တိုင်အောင် နေ့စဉ်နေ့တိုင်း ဖတ်ရွတ်ဖို့ဖြစ်သည်။ ဘုရားသခင်၏ အကြံအစည်တော်၊ နက်နဲသော အရာ သိမြင်နိုင်ဖို့အလို့ငှာ ကျမ်းစာကို နေ့စဉ်မပြတ် ဖတ်ရွတ်ရပါမည်။

*အော့စ်ဝေါလ် ဂျဲမစ် စာအုပ်မှ ကောက်နုတ်ထားသည်*

## ‘ခိုင်မြဲစွာ စွဲလမ်းနေသော အရက်သေစာမှ လွတ်မြောက်ခြင်း’
## ‘Saved From the Grip of Alcohol’
***Mark Rydinski*** *၏ သက်သေခံချက်*

ကျွန်ုပ်သည် မိုက်မဲခြင်းများစွာနှင့် ကြီးပြင်းလာသူဖြစ်သည်။ ညတိုင်းအလုပ်ဆင်းပြီးတာနှင့် သူငယ်ချင်းများနှင့် အရက်ဆိုင်တွင်ဝိုင်းထိုင်ပြီး အရက်သောက်လျက်ရှိသည်။ အမှန်စင်စစ် ဤအရက်သောက်ခြင်းသည် ကျွန်ုပ်၏ ဇနီးမကြိုက်ပါ၊ အဘယ်ကြောင့်ဆိုသော် မိသားစု၌ ပြဿနာတက်ပြီး ရန်ဖြစ်လျက်ရှိတတ်သည်။

၁၉၇၂ ခုနှစ်တွင် ဘုရားသခင်ကျေးဇူးတော်ကြောင့် ကျွန်ုပ် အပါအဝင် မိသားစု အားလုံး အသက်တာ ပြောင်းလဲပြီး ခရစ်တော်ကို ကယ်တင်ရှင်အဖြစ် လက်ခံ ယုံကြည်ခဲ့သည်။ ဒါပေမဲ့ဤခန္ဓာကိုယ် သွေးသားနှင့် အသက်ရှင်သည့်အခါ အနာဂတ်၌ မိုက်မဲသော အကျင့်ကို ပေါ်လာတတ်သည်။ တခါတလေ အသက်တာကို မထိန်းချုပ်နိုင်ပါ၊ ထို့နောက် ၁၉၇၈ ခုနှစ်တွင် ဘုရား အသုံးပြုသော သာသနာဆရာ ဒံယေလသည် အသင်းတော်၌ တရားဟောရန် လာခဲ့သည်။ ဤအသင်းတော် အစည်းအဝေးတွင် တရားဒေတနာ ကြားနာဖို့ တညတော့ သွားရောက်အစည်းအဝေး တက်ခဲသည်။ ဤအစည်းအဝေး အစီစဉ်ပြီးဆုံးသည့် နောက်ပိုင်းမှာ ဆရာ ဒံယေလသည် ကျွန်ုပ်တို့ အသင်းတော်ဆရာထံသို့ အစည်းအဝေးတက်ရောက်သောလူများ ထဲမှာ ကူညီဖို့လိုသော ညီအစ်ကို တစ်ယောက်ရှိသည်ဟု ပြောလေသည်။ ထို့ကြောင့် ရက်အနည်းငယ် ကြာလာသောအခါ ကျွန်ုပ်တို့ အိမ်၌ ဆက်လက် အစည်းအဝေးရှိရန် တောင်းဆိုလေသည်။ ဆရာ ဒံယေလသည် ကျွန်ုပ်၏ ပြဿနာမဖြတ်နိုင်သော အရက်သေစာ အကြောင်းကို သူနားလည်သဘောပေါက်ပါသည်။ ဆရာ ဒံယေလသည် ဘုရားသခင်၏ ချစ်ခြင်း မေတ္တာ လူသားအတွက် အသက်စွန့်တော်မူပြီး သားတော်ကို ယုံကြည်သောသူ အပေါင်းတို့သည် ပျက်ဆီးခြင်းသို့မရောက် ထာဝရအသက်ကို ရစေခြင်း ကြောင်းဟောပြောသည့်အခါ သန့်ရှင်းသော ဝိညာဉ်တော်သည် အသက်တာ၌ စကားပြောပြီး ဘုရားသခင်ကို ဒူးထောက်လျက် ဝန်ချတောင်းပန်သည်။ အသက်တာ၌ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်းနှင့် ပြည့်လဲပြီး ဘုရားသခင်ကို ချီးမွမ်းခဲ့သည်။

## နောင်တရခြင်း
## Repentance unto Life’

နောက်ဆုံးည အစည်းဝေး၌ ဒူးထောက်လျက် အပြစ်ဒုစရိုက်မှ ခွင့်လွှတ်ရန် ဘုရားကို ဝန်ချ တောင်းပန်သည်။ ခရစ်တော်သည် လူသား တို့ကို မှောင်မိုက်ထဲမှ ကယ်နုတ်ရန် အလို့ငှာ လောက၏အလင်းဖြစ် ကြွလာတော်မူခဲသည်ကိုယုံကြည်သည်။ မှောင်မိုက်၏ အကျင့်များကို ရှောင်ရှားရန် အသက်တာကို ဆုတောင်းခြင်းနှင့် အချိန်ယူသည်။

## အမှုတော်မြတ်၌ ပါဝင်ရန်ခေါ်တော်မူခြင်း

## **Called to Serve!**

တစ်နှစ် ခန့်ကြာသည့်အခါ အသင်းတော် အစည်းဝေးသို့ တက်ရောက်ပြီး ဘုရားသခင်သည် အသက်တာ၌ စကားပြောခဲ့သည်။ ကျမ်းစာပြောသည်မှာ သင်တို့သွား၍ လူမျိုးတကာ တို့ကို ငါ့တပည့်ဖြစ်လျက် ခမည်းတော်၊သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏ နာမတော်၌ ဗတ္တိဇံကို ပေးကြလော့။ ငါသည် သင်တို့အား ပေးသမျှသော ပညတ်တော်တို့ကို စောင့်ရှောက်စေခြင်းငှာ ဆုံးမ ဩဝါဒပေးကြလော့ ဆိုသည့်အတိုင်း ဘုရားသခင်၏ ခေါ်တော်မူခြင်းကို လက်ခံရရှိပြီး အမှုတော်မြတ်၌ ပါဝင်ရန် အသက်တာပြင်ဆင်ခဲ့သည်။ ထို့ကြောင့် အမှုတော်မြတ်၌ ၁၃ နှစ်တိုင်တိုင် ပါဝင် ထမ်းဆောင်ခဲ့သည်။ အိန္ဒိယနိုင်ငံအသီးသီးနှင့် အသင်းတော်၌ တရားဟောပြီး အမှုတော် ထမ်းဆောင်ခဲ့သည်။ သွားလေရာရာ၌ ချစ်လှစွာသော ဇနီးနှင့်ဘုရား ကောင်းမြတ်ခြင်း သက်သေခံပြီး တရား ဒေသာနာ ဟောကြားခဲ့သည်။ မထိုက်တန်ပဲ ကျွန်ုပ်၏ အသက်တာကို ဘုရားသခင် မစ ပြီး အမှုတော်ဆောင်ရန် လမ်းဖွင့်ပေးသည့် နည်းတူ ဝမ်းမြောက်ဝမ်းသာစွာနှင့် အသက်ဆုံးသည့်တိုင်အောင် အမှုတော်ဆောင်ရန် အသက်တာကို ပေးဆပ်ခဲ့သည်။

This newsletter is produced six times per year by the Laymen's Evangelical Fellowship International. It is printed and distributed in the US, UK, Germany, Singapore, Canada, and Australia and is supported by unsolicited sacrificial gifts of young people. For a free subscription or for other enquiries, please contact any of the addresses below.

This Fellowship is an inter-denominational missionary and prayer group working for revival in churches and amongst students in several countries. We invite every layperson to become God's ally in changing his or her corner of the world. We train people in evangelistic work and to be self-supporting missionaries.

❒ USA: P.O. Box 14, South Lyon, MI 48178, Phone – (248) 446-3080

❒ CANADA: P.O. Box 31002, Windsor, Ontario N9G 2Y2, Phone– (519) 966-4603

❒ SINGAPORE: P.O. Box 320 PSA Building Post Office, Singapore 91114.Phone – (65) 63562724 (Sam)

❒ MALAYSIA: P.O.Box 236, Jalan Kelang Lama, 58700 Kuala Lumpur West Malaysia, Phone – 019-3260727

or Wisdom Hall, 37 Persiaran Shahbandar, Taman Tambahan Krian VI, 34200 Parit Bundar, Perak, Phone – (05) 7164100 T.K. Ong

❒ AUSTRALIA: P.O. Box 24 Tuart Hill, Perth, West Australia 6939 Phone – 09.345-3739

❒ GREAT BRITAIN: P.O. Box 737 London SW2 4XT, Phone – 020-8677-6909

❒ IRELAND: P.O. Box 18 Cavan Co. Cavan

❒ INDIA: 9B Nungambakkam High Rd. Chennai 600034, Phone-044-2827 2393

❒ INTERNET: http://lefi.org

❒ EMAIL: post@lefi.org

## PLEASE PASS THIS ON TO A FRIEND